# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

ပဉ္စမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စတင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်းရဲ့ (၉၁.၀၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်တိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**စောယုားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ၇-၂-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယုားဖောင်အွာ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ရှမ်းပြည်နယ်အစည်းအဝေးအခမ်းအနား တက်ရောက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးရှေးရယ်ရှုမောင်၊ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ရန်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၀)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၀)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းထားတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ မှောင်တလန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (၂)ထပ်ဆောင်အား ဖျက်သိမ်းပြီး RC(၂)ထပ်ဆောင်အဖြစ် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**


**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ လိုအင်ဆန္ဒပြည့်ဝကြပါစေကြောင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ မှောင်တလန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (၂)ထပ်ဆောင်အား ဖျက်သိမ်းပြီး RCC (၂)ထပ်ဆောင်အဖြစ် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ မှောင်တလန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၄၀)ဦးရှိပါတယ်။ ၂၀၁၈ ခုနှစ်မှစ၍ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ထားပြီးဖြစ်ရာ ကြောင်သျှား အလယ်တန်းကျောင်း၊ လေးတပ်(ခ) အလယ်တန်းကျောင်း၊ ကုချ မူလွန်ကျောင်း၊ ဖိုင်ခွာ မူလွန်ကျောင်း၊ ဇီပီး မူလွန်ကျောင်းနဲ့ လေးတပ်(က) မူလွန်ကျောင်းတို့မှ အထက်တန်းကျောင်းသားများ တက်ရောက်နိုင်ကြမည်ဖြစ်ပါတယ်။ လက်ရှိ မှောင်တလန် အထက်တန်းကျောင်းဆောင်ဟောင်း (၁၄၀ x၃၀)ပေ အုတ်ညှပ်နှစ်ထပ်အဆောက်အအုံအတွက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ၁၉၉၀–၁၉၉၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် (၄၀)သိန်းတိတိ ခွင့်ပြုခဲ့ရာ လူထုနှင့်ပူးပေါင်းကာ အတိုင်းအတာ


(၁၄၀ x ၃၀)ပေ အုတ်ညှပ် နှစ်ထပ်ဆောင်အဖြစ် ဆောက်လုပ်ခဲ့သော်လည်း ဂန့်ဂေါနှင့်ကလေးမြို့မှ သစ်မာများ မဝယ်နိုင်သည့်အတွက် ဒေသထွက်သစ်များဖြင့် ဆောက်လုပ်ခဲ့ပါတယ်။ အုတ်ခဲကိုလည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖုတ်လုပ်ခြင်း၊ သဲကိုလည်း နီးစပ်ရာချောင်းမှ စံချိန်မမီသဲများ အသုံးပြု သည့်အတွက် တာရှည်မခံဘဲ အခင်းအကာများ အက်ကွဲပျက်စီးနေပြီကို တွေ့ရှိရမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

အဲဒါ ပထမအဆောင်က ပထမဆုံး မျက်နှာစာအဆောင် ဖြစ်ပါတယ်။ ဒါ အနောက်ဘက် မျက်နှာစာဆောင် ဖြစ်ပါတယ်။ ဒါ မြောက်ဘက်ပိုင်း ဖြစ်ပါတယ်။ ဒီမှာ မြောက်ဘက်ပိုင်းမှာလည်း နည်းနည်း ယိုင်နဲ့နေပြီဖြစ်တဲ့အတွက် ဒေါက်နဲ့ ထောက်ထားပါတယ်။ ဒါလည်း တောင်ပိုင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဤကျောင်းဆောင်ဟာ ပုံတွင်ဖော်ပြသည့်အတိုင်း ယိမ်းယိုင်နေ၍ မျောတိုင် များဖြင့် ထောက်ထားရသည့်အတွက် ကျောင်းသူ၊ ကျောင်းသားများအတွက် အန္တရာယ်ရှိသော ကျောင်းဆောင်အဖြစ် သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အနာဂတ်ကို ဦးစီးဦးဆောင် ပြုမယ့် ရင်သွေးသားသမီးများ ဘေးကင်းလုံခြုံစွာ ကျောင်းတက်နိုင်ရေးအတွက် ဥပဓိရုပ်မကောင်းသည့် ဒီကျောင်းဆောင်ကြီးကို ဖြိုဖျက်ပြီးတော့ (၁၄၀ x ၃၀)ပေ RC နှစ်ထပ်ဆောင်အဖြစ် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ရေးအတွက် ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား အလေးအနက် စဉ်းစားပေးပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။


မှောင်တလန် အထက်တန်းကျောင်းဆောင်ဟောင်း၏ ရှေ့မျက်နှာစာ မြင်ကွင်းပုံ (ဆ)



မှောင်တလန် အထက်တန်းကျောင်းဆောင်ဟောင်း၏ အနောက်ဘက်တွင် ယိမ်းယိုင်နေ၍ မျောတိုင်များဖြင့် ထောက်ထားရသည့် မြင်ကွင်းပုံ (ဆ-၁)



မှောင်တလန် အထက်တန်းကျောင်းဆောင်ဟောင်း၏ မြောက်ဘက်မှာ အနည်းငယ်စောင်းနေပြီး မျောတိုင်များဖြင့်မလဲအောင် ထောက်ထားရသည့် မြင်ကွင်းပုံ (ဆ-၂)



**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မလော့ချောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၃။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ အပါအဝင်

လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မလော့ချောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့နယ်၊ မလော့ချောင် အခြေခံပညာအလယ်တန်းကျောင်းမှာ လက်ရှိ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပဉ္စမတန်း ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၀၈)ဦး၊ ဆဋ္ဌမတန်း ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၀၃)ဦး၊ သတ္တမတန်း ကျောင်းသူ၊ ကျောင်းသားပေါင်း (၇၉)ဦး၊ အဋ္ဌမတန်း ကျောင်းသူ၊ ကျောင်းသားပေါင်း (၆၀)ဦး၊ စုစုပေါင်း အလယ်တန်း ကျောင်းသူ၊ ကျောင်းသားပေါင်း(၃၅၀)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ မလော့ချောင်ကျေးရွာအုပ်စုမှာ အထက်တန်းကျောင်း(ခွဲ)မရှိလို့ အခြားရွာများရှိ အထက်တန်းကျောင်းများကို သွားရောက်ပြီးတော့ ပညာသင်ကြားနေရတဲ့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ နဝမတန်း ကျောင်းသား၊ ကျောင်းသူ (၄၉)ဦးနဲ့ ဒသမတန်း ကျောင်းသား၊ ကျောင်းသူ (၅၁)ဦး စုစုပေါင်း (၁၀၀)ဦးရှိပါတယ်။

မလော့ချောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဟာ (၁.၈၉)ကေ၊ (၂)ကေ နီးပါးခန့် ကျယ်ဝန်းပြီးတော့ ၂၀၁၇-၂၀၁၈ မှာ (၃၀×၁၂၀)ပေ RC နှစ်ထပ်ကျောင်းဆောင်(၁)ဆောင် ဆောက်လုပ်ခဲ့ပြီးတော့ ရွာခံများက လှူဒါန်းထားတဲ့ တစ်ထပ်ကျောင်းဆောင် အပါအဝင် တစ်ထပ်ကျောင်းဆောင်ပေါင်း (၄)ခုရှိပါတယ်။ ဒေသခံ ရွာသူ၊ ရွာသားအများစုဟာ လယ်ယာလုပ်ငန်းတွေ၊ ကွမ်းခြံလုပ်ငန်းဆိုတဲ့ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေကြပေမယ့် ပညာရေးကို အားပေးသူများဖြစ်လို့ နှစ်ထပ်ကျောင်းဆောင် (၁)ဆောင်၊ စာသင်ခုံများ အပြည့်အစုံ၊ ရေမော်တာများအပြင် ကျောင်းလုံခြုံရေးအတွက် ကျောင်းဝင်းသံပန်းတံခါးကြီးကိုပါ လှူဒါန်းထားကြပါတယ်။ မလော့ချောင်ကျေးရွာမှာသာ အထက်တန်းကျောင်း(ခွဲ) ရှိမယ်ဆိုရင် အလယ်တန်းအောင်ပြီးတော့ အခြားရွာရှိ အထက်တန်းကျောင်းကို ဆက်တက်နိုင်ဖို့ အခက်အခဲရှိလို့ အလယ်တန်းအဆင့်နဲ့ပဲ ကျောင်းထွက်လိုက်ရတဲ့ မလော့ချောင်ကျေးရွာအုပ်စုနေ ကျောင်းသူ၊ ကျောင်းသားများဟာ ကိုယ့်ရွာမှာရှိတဲ့ ကျောင်းမှာ အထက်တန်းပညာကို ဆက်လက်သင်ယူနိုင်ကြမှာဖြစ်ပါတယ်။

ကျွန်တော် အထက်ကတင်ပြခဲ့တဲ့ အခြေခံပညာအလယ်တန်းကျောင်းမှာ ကျောင်းသားဦးရေ၊ ကျောင်းအဆောက်အအုံနှင့် မလော့ချောင်ကျေးရွာမှ ပြည်သူများရဲ့ ပညာရေးအပေါ်မှာထားတဲ့ စိတ်အားထက်သန်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေကိုကြည့်မယ်ဆိုရင် မလော့ချောင် အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်သင့်ပြီ

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မည်သည့်ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးမည်ကို သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ရွာကြပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ရွာကြပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အရာတော်မြို့နယ်ဟာ ဖွံ့ဖြိုးမှုနည်းပါးတဲ့ဒေသ ဖြစ်ခဲ့ဖူးပါတယ်။ အရင်က ရေရှားပါးတဲ့နေရာဖြစ်လို့ ရွှေကို မလို၊ ရေကို လိုသည်ဆိုပြီး ဆိုင်းဘုတ်ကြီး များတပ်ပြီးတော့ ရေနဲ့ပတ်သက်၍ ပြဿနာအကြီးအကျယ်ရှိခဲ့တဲ့ မြို့ဖြစ်ပါတယ်။ ပြောင်းလဲခဲ့တဲ့ အခြေအနေအရ မြေအောက်ရေမှရရှိပြီး အဲဒီဆိုင်းဘုတ်ကြီးများ ဖြုတ်ချပြီးတော့ ရေတော်တော် များများ ရရှိနေပါပြီ။ ပြောရမယ်ဆိုရင်တော့ ယနေ့ ပြည်သူ့အစိုးရလက်ထက်မှာ တော်တော် များများဟာ အရာတော်မြို့နယ်ရဲ့ ဖွံ့ဖြိုးမှုဟာ စတင်ပြီးတော့ရှိနေပါပြီ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာကြပ်ကျေးရွာဟာ အရာတော်မြို့နယ်နဲ့ (၁၈)မိုင် ဝေးပါတယ်။ အခြေခံပညာအထက်တန်း (၁)ကျောင်းရှိပြီးတော့ နောင်ကြီးအိုင်ကျေးရွာနှင့် (၅)မိုင် ဝေးပါတယ်။ နောင်ကြီးအိုင်ကျောင်းသွားမယ်ဆိုရင်  လမ်းပန်းခရီးမှာ မြေစေးတွေ၊ ချောင်းတွေ ဖြတ်ရလို့ ကလေးများအတွက် များစွာခက်ခဲပါတယ်။ ရွာကြပ်ကျေးရွာမှာ ကျေးရွာလူဦးရေပေါင်း (၃၈၆၃)ဦးရှိပြီး တောင်သူလုပ်ငန်းများနဲ့ အသက်မွေးကြပါတယ်။ အခြေခံပညာအထက်တန်း

ကျောင်း(ခွဲ)မှာ ကျောင်းသားဦးရေ (၅၀၇)ဦးရှိပါတယ်။ ကျောင်းသုံးပရိဘောဂတွေ၊ ဆရာ၊ ဆရာမများ အဆင်သင့် အားလုံးရှိကြပါတယ်။ ဆရာ၊ ဆရာမများနေထိုင်ဖို့ အဆောင်များ၊ ကလေးကစားကွင်းများ၊ ဆိုလာပြား၊ မီးစက်၊ ရေခဲသေတ္တာ စသဖြင့် ရွာတွေမှာ အကုန်လုံးစုပေါင်းပြီးတော့ ရှိနေကြပါတယ်။ ရွာကြပ်ကျေးရွာရဲ့ ပတ်ဝန်းကျင်မှာ အိုးဖိုကုန်းတို့၊ ထန်းတောကုန်း၊ ဥသျှစ်ကုန်းနဲ့ အိုင်လျားကျေးရွာ၊ တောင်ကုန်းကျေးရွာ၊ ငှက်ပျောခြံကျေးရွာ၊ မှန်သာကျေးရွာ၊ တောတန်းကျေးရွာ၊ အဘယကျေးရွာ စတဲ့ ကျေးရွာတော်တော်များများမှာ လူငယ်များ တော်တော်များများရှိကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီနယ်မြေများဟာ ကျွန်တော့်နယ်မြေများ ဖြစ်သည့်အတွက် ကျွန်တော်ကိုယ်တိုင် ကျေးရွာလူထုနဲ့တွေ့ဆုံတဲ့အခါမှာ အမှန်တကယ် အခြေခံပညာအထက်တန်းကျောင်း လိုအပ်နေတာ တွေ့ရှိရပါတယ်။ ဘာလို့လဲဆိုရင် ရွာကြပ်ကျေးရွာနဲ့ ပတ်ဝန်းကျင်ကျေးရွာများမှာ ကျောင်းသားများပြားတာကြောင့် ကျေးရွာလူထုတစ်ရပ်လုံးက ရွာကြပ်ကျေးရွာ အထက်တန်းကျောင်းကြီးအဖြစ် တိုးချဲ့ခြင်းကို ဆန္ဒပြင်းပြနေကြပါတယ်။ ပညာရေးကို အစကတည်းက မရှိကြတဲ့ ကျေးရွာသူ၊ ကျေးရွာသားများဟာ အခုလို ပြည်သူ့အစိုးရလက်ထက်မှာ ပညာရေးကို ဦးစားပေးပြီးတော့ အသိတရားရှိအောင် ကြိုးစားကြဖို့ တစ်ရွာလုံးက လိုလားနေကြပါတယ်။ အဲဒီလိုကာလမျိုးမှာ အရာတော်မြို့နယ် ကျေးရွာသူ၊ ကျေးရွာသားများမှ ကောင်းစွာသိရှိကြလို့ အဆင့်မြှင့်တင်ပေးမယ့် အထက်တန်းကျောင်းကြီးဖြစ်မြောက်ရေးကို များစွာလိုအပ်နေသည့်အတွက် ဤမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျောက်တော်မြို့နယ်၊ လိပ်မကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် သင်္ဂနက်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းတို့တွင် RC တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီနှင့် ရွာမပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် RC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်တို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော်

ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပညာရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုဖြစ်တဲ့ ကျောက်တော်မြို့နယ်အတွင်း လိပ်မကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ သင်္ဂနက်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းတို့တွင် (၁၂၀ x ၃၀ x ၁၂)ပေ RC တစ်ထပ်ဆောင် (၁)ဆောင်စီနှင့် ရွာမပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် (၁၁၀ x ၃၀ x ၂၄)ပေ RC နှစ်ထပ်ဆောင်(၁)ဆောင်စီကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် ပညာရေးနှင့်ပတ်သက်ပြီး အခြေခံပညာအထက်တန်းကျောင်း (၁၀)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၂၂)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၁၅)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၂၆)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၃၄)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁၁၆)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၃၆)ကျောင်း၊ စုစုပေါင်း (၂၅၉)ကျောင်းရှိပါတယ်။ အဆိုပါ ကျောင်းများထဲမှာ အန္တရာယ်ရှိကျောင်းဆောင်များ၊ ဥပမိရုပ်မကောင်းတဲ့ ကျောင်းဆောင်များ၊ ကျောင်းသားနှင့် ကျောင်းဆောင် မလုံလောက်တဲ့အတွက် အသစ်ဆောက်လုပ်ပေးရန် လိုအပ်တဲ့ ကျောင်းဆောင်များစွာ ရှိနေသေးပါကြောင်း သိရပါတယ်။ လိပ်မကျေးရွာဟာ သရီချောင်းနယ်မြေအတွင်းမှာရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပြီး အိမ်ထောင်စုပေါင်း (၃၆၉)အိမ်နှင့် လူဦးရေ (၁၆၁၂)ဦးနေထိုင်တဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်ကို တိုးမြှင့်ပေးခဲ့ပြီး လက်ရှိကျောင်းသားဦးရေမှာ (၁၁၁)ဦးအထိရှိပါတယ်။ လက်ရှိကျောင်းဆောင်မှာ (၆၀ x ၃၀ x ၁၂)ပေ အုတ်ညှပ်ကျောင်းဆောင် (၁)ဆောင်ပဲရှိနေပြီး ဆောက်လုပ်သည်မှာလည်း ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ယခုအချိန်မှာ အန္တရယ်ရှိ ကျောင်းဆောင်ဖြစ်နေပါပြီ။ ကျောင်းသားနဲ့ ကျောင်းဆောင်လည်း လုံလောက်မှုမရှိတဲ့အတွက် အခုလောလောဆယ် ဘုန်းတော်ကြီးကျောင်းတွင် သင်ကြားနေရတဲ့ ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။

အခု ဘဏ္ဍာနှစ်အတွင်း မဖြစ်မနေဆောက်လုပ်ပေးရန် လိုအပ်တဲ့ ကျောင်းတစ်ကျောင်းလည်းဖြစ်ပါတယ်။ သင်္ဂနက်ကျေးရွာမှာလည်း ရန်ကုန်-စစ်တွေ ကားလမ်းမပေါ်တွင်ရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ အိမ်ခြေက (၁၃၂)အိမ်နှင့် လူဦးရေ (၆၇၇)ဦးရှိပြီး မူလွန်အဆင့်ကို တိုးမြှင့်ပေးခဲ့ပြီး ကျောင်းသားဦးရေမှာ (၂၁၂)ဦးရှိပါတယ်။ လက်ရှိကျောင်းဆောင်မှာ (၆၀x၃၀x၁၂)ပေ အုတ်ညှပ်တစ်ဆောင်ပဲရှိနေပြီး (၄၀x၃၀x၁၀)ပေ သွပ်မိုး၊ ဝါး ကာရံပြီး၊ မူလတန်းကျောင်းမှာ အဖီတွဲပြီး ကိုယ်ထူကိုယ်ထ ဆောက်လုပ်ကာ သင်ကြားနေရတဲ့ ကျောင်းဖြစ်ပါတယ်။ လက်ရှိကျောင်းဆောင်မှာလည်း အန္တရာယ်ရှိကျောင်းဆောင်ဖြစ်နေပြီး သွပ်၊ ဝါးတွေနဲ့ လုပ်ထားတဲ့ အဆောက်အအုံမှာလည်း ဆွေးမြည့်နေပြီဖြစ်တဲ့အတွက် မဖြစ်မနေ ဆောက်လုပ်ပေးရန် လိုအပ်တဲ့ကျောင်းဖြစ်နေပါတယ်။

ရွာမပြင်ကျေးရွာမှာ သရီချောင်းနယ်မြေတွင်ရှိတဲ့ ကျေးရွာဖြစ်ပြီး အိမ်ထောင်စုပေါင်း (၇၉၈)အိမ်နဲ့ လူဦးရေပေါင်း (၃၉၇၅)ဦးရှိတဲ့ ကျေးရွာကြီးတစ်ရွာဖြစ်ပါတယ်။ အလယ်တန်းအဆင့်ကို ၂၀၁၇ ခုနှစ်မှာ တိုးမြှင့်ပေးခဲ့ပြီး ကျောင်းသားဦးရေမှာ (၄၈၆)ဦးထိရှိပါတယ်။ လက်ရှိကျောင်းဆောင်မှာ (၁၂၀x၃၀x၁၂)ပေ အုတ်ညှပ်ဆောင် (၁)ဆောင်နဲ့ (၈၀x၃၀x၁၂)ပေ အုတ်ညှပ်ဆောင် (၁)ဆောင်ကို ကိုယ်ထူကိုယ်ထ ဆောက်လုပ်ကာ ပညာသင်ကြားနေတဲ့ ကျောင်းဖြစ်ပါတယ်။ ကျောင်းသားအင်အားနဲ့ ကျောင်းဆောင်မှာ လုံးဝ လောက်ငမှုမရှိတဲ့ကျောင်းဖြစ်ပါတယ်။

အဆိုပါကျောင်းမှာ ကျောင်းမြေနေရာ အနည်းငယ်ကျဉ်းတဲ့အတွက် အသစ်ဆောက်လုပ်ပေးပါက (၁၁၀ x ၃၀ x ၂၄)ပေ နှစ်ထပ်ဆောင် (၁)ဆောင် ဆောက်လုပ်ပေးမှ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ မဖြစ်မနေဆောက်လုပ်ပေးရန် လိုအပ်တဲ့ကျောင်းဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေအတွင်းမှာ အမှန်တကယ်လိုအပ်တဲ့ ကျောင်းများဖြစ်တဲ့အတွက် ဒေသခံပြည်သူများရဲ့ တောင်းဆိုမှုအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဧရာဝတီတိုင်းဒေသကြီး၊ ဟသာၤတတက္ကသိုလ်ဝင်းအတွင်း ဆောက်လုပ်နေသော (၆၀၀ x ၄၀၀)ပေရှိ မီတာ(၄၀၀)ပြေးလမ်းပါ အားကစားကွင်းအား စံချိန်ကိုက်ဘောလုံးကွင်းနှင့် ပြေးလမ်းများအဖြစ် ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၂။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ဟသာၤတတက္ကသိုလ်ဝင်းအတွင်း တည်ဆောက်နေသော (၆၀၀ x ၄၀၀)ပေရှိ မီတာ(၄၀၀)ပေ ပြေးလမ်းပါ အားကစားကွင်းဟာ စံကိုက်ပုံစံမျိုး မဟုတ်တဲ့အတွက် မည်ကဲ့သို့ ပြင်ဆင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟသာၤတတက္ကသိုလ်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း (၆၀၀ x ၄၀၀)ပေရှိ မီတာ(၄၀၀) ပြေးလမ်းပါ အားကစားကွင်း တည်ဆောက်ဖို့ဆိုပြီးတော့ ပြည်ထောင်စုဘတ်ဂျက်ကနေ ကျပ်သန်း(၈၀၀)ခွင့်ပြု

ပေးခဲ့ပါတယ်။ အဆိုပါ အားကစားကွင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်ရွေးချယ်ပြီးတော့ တင်ဒါ အောင်မြင်ခဲ့တဲ့ Kay Golden Myanmar Co.Ltd တို့က တာဝန်ယူတည်ဆောက်နေတယ်လို့ သိရှိရပါတယ်။


ကုမ္ပဏီက လက်ရှိတည်ဆောက်နေတဲ့ပုံစံအရ ပြေးလမ်းဟာ မီတာ(၄၀၀) ပြည့်မီခြင်း မရှိဘဲနဲ့ (၃၈၁)မီတာသာရှိပြီး အများဆုံးနေရာက (၃၈၅)မီတာသာ ရနိုင်ကြောင်း မီတာ(၄၀၀) ပြေးလမ်း အပြင်နှုတ်ခမ်းကို ရေမြောင်းနဲ့တွဲလျက် တည်ဆောက်ထားပြီးတော့ အဝိုင်းပတ်လည်လုပ် ထားတဲ့အတွက် တာထွက်တဲ့နေရာနဲ့ ပန်းဝင်တဲ့နေရာမပါရှိကြောင်း၊ ဘောလုံးကွင်းမှာလည်း သတ်မှတ်အတိုင်းအတာ အလျား(၃၄၅)ပေနဲ့ အနံ(၂၂၅)ပေ ရှိရမယ့်အစား အလျား(၃၃၀)ပေ၊ အနံ (၂၁၀)ပေသာ လျာထားသတ်မှတ်ပြီး တည်ဆောက်နေကြောင်း၊ ဘောလုံးကွင်းနဲ့ ပြေးလမ်းကြားမှာ ရေနုတ်မြောင်းလည်း မပါရှိကြောင်း၊ ပြေးလမ်းကို ကွင်းဘက်သို့ Slope ပေးထားရမယ့်အစား အပြင်ဘက်သို့ ပေးထားတဲ့အတွက် ပြေးလမ်းတည်ဆောက်ပုံ မှားယွင်းနေကြောင်း သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ တုတ်ထောက်ခုန်၊ ရေကျော်၊ တန်းကျော်အတွက် ရေကျဉ်းတို့ လျာထားချက်မှာ မပါရှိကြောင်း စီမံကိန်းတန်ဖိုး ကျပ်သန်း(၈၀၀) အကုန်ကျခံ တည်ဆောက်နေသော်လည်း အားကစားကွင်းက သတ်မှတ်ထားတဲ့ စံကိုက်အားကစားကွင်းမဟုတ်ဘဲနဲ့ အားကစားရဲ့ အခြေခံ သဘောတရားများနဲ့ လွဲမှားစွာ တည်ဆောက်နေသည်ကို တွေ့ရှိရတဲ့အပြင် ကွင်းရေဖျန်းစနစ်လည်း ထည့်သွင်းတည်ဆောက်သင့်ကြောင်း ဆိုပြီးတော့ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ကွင်းတည် ဆောက်ရေး ညွှန်ကြားရေးမှူးကိုယ်တိုင် လာရောက်ကြည့်ရှုစစ်ဆေးပြီး အကြံပြုတင်ပြသွားကြောင်း သိရှိရပါတယ်။ Power Point သုံးစွဲတင်ပြခွင့်ပြုပါခင်ဗျား။

ဒါက မီတာ(၄၀၀) ပြေးလမ်းပါတဲ့ စံကိုက်အားကစားကွင်းပုံစံ ဖြစ်ပါတယ်။ အခု အားကစားကွင်းကတော့ တင်ဒါအောင်တဲ့ ကုမ္ပဏီကနေပြီးတော့ လက်ရှိတည်ဆောက်နေတဲ့ပုံစံ ဖြစ်ပါတယ်။ ဒီနှစ်ခုကို ယှဉ်ကြည့်မယ်ဆိုရင် သိသိသာသာ ကွဲလွဲနေတယ်ဆိုတာ ပေါ်လွင်နေ ပါတယ်။ ဒါ ဟသ်ာတတက္ကသိုလ် ဖြစ်ပါတယ်။ ဒါ လုပ်နေတဲ့ အားကစားကွင်းပုံစံ ဖြစ်ပါတယ်။ ကုမ္ပဏီရဲ့ ရုံးခန်းနဲ့ ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါကတော့ ကျွမ်းကျင်တဲ့ပညာရှင် ညွှန်ကြားရေးမှူး ကိုယ်တိုင် အကြံပြုညွှန်ကြားထားတဲ့စာ ဖြစ်ပါတယ်။


လွန်ခဲ့တဲ့ ၂-၃-၂၀၁၉ ရက်နေ့က ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဟသ်ာတ တက္ကသိုလ်ကို ရောက်ရှိလာစဉ် အားကစားအရာရှိဖြစ်သူက အဆိုပါ အားကစားကွင်းကိစ္စ လွဲမှားစွာ တည်ဆောက်နေတဲ့ကိစ္စကို တင်ပြတဲ့အခါမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပေါင်းစပ် ညှိနှိုင်းပြီး ဆောင်ရွက်ပေးပါမယ်လို့ ပြောကြားသွားခဲ့သော်လည်း ယနေ့တိုင် ပြင်ဆင်တည်ဆောက် ပေးခြင်းမရှိပါဘူး။ တင်ဒါအောင်တဲ့ Kay Golden Myanmar Co.Ltd က တင်ဒါတင်သွင်းတုန်းက တင်ပြခဲ့တဲ့ Drawing အတိုင်း လုပ်နေတယ်လို့ ပြောပေမယ့် ကျွမ်းကျင်ပညာရှင်ကတော့ အလွဲကြီး

လွဲနေတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လို့ ဟသ်ာတတက္ကသိုလ်မှာ တည်ဆောက်နေတဲ့ (၆၀၀ x ၄၀၀) ပေရှိ မီတာ(၄၀၀) ပြေးလမ်းပါ အားကစားကွင်းအား စံချိန်ကိုက်အဆင့်မီ ဘောလုံးကွင်းနှင့် ပြေးလမ်းများပါဝင်တဲ့ စံချိန်မီအားကစားကွင်းအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့ ပြင်ဆင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မီတာ(၄၀၀)ပြေးလမ်းပါ စံကိုက်အားကစားကွင်းပုံစံ မြင်ကွင်းပုံ (၈)



တင်ဒါအောင်မြင်ခဲ့သည့် **Kay Golden Myanmar Co.Ltd** မှ တည်ဆောက်ခဲ့သော ဟသ်ာတ တက္ကသိုလ် အားကစားကွင်းပုံစံ မြင်ကွင်းပုံ (၈-၁)



တင်ဒါအောင် ကုမ္ပဏီမှ တည်ဆောက်နေသော အားကစားကွင်း မြင်ကွင်းပုံ (၈-၂)



**အချိန်၊ ၁၀:၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၇။**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘွဲ့ခိန်း ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ မောင်တလန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (၂)ထပ်ဆောင်အား ဖျက်သိမ်းပြီး RCC (၂)ထပ်ဆောင်အဖြစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဦးစွာ ရှင်းလင်းဖြေကြားသွားပါမယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်အတွင်းမှာ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ရန်ကျောင်း(၂)ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့အသစ်ဆောက်လုပ်ရန် ကျောင်း (၂)ကျောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်(၅)ကျောင်း၊ ကိုယ်စားလှယ်တော်ကြီးရဲ့ လွှတ်တော် ကတိကဝတ်အရ အသစ်ဆောက်လုပ်ပေးရန် (၁)ကျောင်း စုစုပေါင်းအခြေခံပညာ ကျောင်းပေါင်း

(၁၀)ကျောင်းအတွက် ငွေကျပ်သန်းပေါင်း (၂၄၃၇.၃၈)သန်း ခွဲဝေလျာထားဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြချက်အရ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန အနေဖြင့် ထန်တလန်မြို့နယ်၊ မှောင်တလန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ (၁၄၀x၃၀)ပေ RC (၂)ထပ်ဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးရန် လိုအပ်သောရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေမှ ဦးစားပေးအစီအစဉ် အရ ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာ ဖြေကြားအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ရဲ့ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မလေ့ချောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဟာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီး ဆက်လက် ဖြေကြားပါမယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်းမှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၂)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၂)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၄)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းပေါင်း (၃)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၂)ကျောင်းကို ဒီနှစ်အတွင်းမှာ အဆင့်တိုးမြှင့်ခဲ့ပြီး ဖြစ်ပါတယ်။

ယခု ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မလေ့ချောင် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရဲ့ ယခု ပညာသင်နှစ်အတွင်း စုစုပေါင်း အလယ်တန်း အဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၃၅၀)ဦးရှိပါတယ်။ အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်း ဖြစ်တဲ့ မုက္ခမူ အခြေခံပညာအထက်တန်းကျောင်းနှင့် (၂)မိုင်ခရီးအတွင်းမှာ ရှိပါတယ်။ ဒီကျောင်းရဲ့ လက်ရှိကျောင်းအဆင့် သက်တမ်းတိုးပေးတာ (၁)နှစ်ပဲရှိပါသေးတယ်။ ဒီအတွက် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ရန် သတ်မှတ်ထားတဲ့ ဦးစားပေးကျောင်း စာရင်းမှာတော့ မပါရှိ ကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှဦး ရဲ့ မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊

မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ရွာကြပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်အတွင်းမှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၂)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၂)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၁)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၄)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၃) ကျောင်းကို ယခုပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အရာတော်မြို့နယ်၊ ရွာကြပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ သက်တမ်းမှာ (၄)နှစ်ခန့်သာ ရှိပါသေးတယ်။ ယခုပညာသင်နှစ် စာရင်းအရ စုစုပေါင်း အထက်တန်းဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၅၈)ဦးသာ ရှိပါတယ်။ အနီးဆုံးအထက်တန်းဆင့်သင်ကျောင်းဖြစ်တဲ့ နောင်အိုင်ကြီး၊ အခြေခံပညာအထက်တန်းကျောင်းနှင့် (၅)မိုင်ခန့်သာကွာဝေးတဲ့ အနေအထားရှိပါတယ်။ နောက် လက်ရှိအားဖြင့်လည်း အထက်တန်းပညာရပ်များသင်ကြားခွင့်ရရှိနေတဲ့ အခြေအနေရောက်ရှိနေတဲ့အတွက် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ အဆင့်မြှင့်တင်ခြင်း၊ ဦးစားပေးအဆင့် သတ်မှတ်ထားခြင်းမရှိပါကြောင်း ရိုသေစွာတင်ပြပါတယ်။

ခုနက ကိုယ်စားလှယ်တော်ကြီးနှစ်ဦး မေးမြန်းသွားတဲ့ ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာမှာ ကျွန်တော်တို့ လုပ်မပေးဘူးလို့ သတ်မှတ်ထားခြင်းမဟုတ်ကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိကျွန်တော်တို့ ကျောင်းအဆင့်တိုးတဲ့ စာရင်းဇယားထဲမှာတော့ ဦးစားပေးအနေအထားနဲ့ မရှိပါကြောင်း ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီကျောင်းအဆင့်တိုး လုပ်ငန်းများဆောင်ရွက်ရာမှာ ဒီကျောင်းအဆင့်တိုးတာတွေများနေတယ်။ မူဝါဒမရှိဘူး။ လက်လွတ်စပယ်တိုးပေးနေတယ် စသည်ဖြင့် ဝေဖန်ထောက်ပြတာတွေလည်း ကျွန်တော်တို့ကြားသိ၊ မြင်သိနေရတဲ့ သဘောရှိပါတယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ မူကတော့ ဒီဒေသအတွင်း လူငယ်၊ လူရွယ်များ၊ ခုနက ဒေသခံ မိဘပြည်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၏ ဆန္ဒကို ဖြည့်စွမ်းပြီးတော့ လူငယ်၊ လူရွယ်တိုင်း မူလတန်းပညာသင်ကြားခွင့်၊ အလယ်တန်းပညာသင်ကြားခွင့်၊ အထက်တန်းပညာသင်ကြားခွင့်များ ရရှိရေးအတွက် ကျွန်တော်တို့ အားသွန်ခွန်စိုက် ကြိုးပမ်းပေးမှာဖြစ်ပါတယ်။ ယခုဦးစားပေးအစီအစဉ်တွင် မပါသော်လည်း ကျွန်တော်တို့ရရှိတဲ့ ဘဏ္ဍာငွေအနေအထား၊ ဆောင်ရွက်

နိုင်တဲ့ စွမ်းအားရှိသမျှ အဆင့်တိုးမြှင့်ရေးကို လုံ့လဝီရိယ စိုက်ထုတ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ဆောင်ရွက်မယ့် ကျောင်းအဆင့်တိုးခြင်းဆိုင်ရာ လုပ်ငန်းများအတွက်လည်း အမျိုးသားလွှတ်တော်ကြီးမှ ဝိုင်းဝန်းကူညီအားပေးနိုင်ပါရန် ဖြည့်စွက်တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ မေးခွန်းဖြစ်သော ကျောက်တော်မြို့နယ်၊ လိပ်မကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် သင်္ဂနက်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတို့တွင် RCC တစ်ထပ်ကျောင်းဆောင် (၁)ဆောင်စီနှင့် ရွာမပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တွင် RCC နှစ်ထပ်ကျောင်းဆောင် (၁)ဆောင်အသစ်တို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်၊ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှ အန္တရာယ်ရှိကျောင်းဆောင်ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ပေးတဲ့ကျောင်း (၆)ကျောင်း၊ တိုးချဲ့အသစ်ဆောက်လုပ်ပေးတဲ့ကျောင်း(၈)ကျောင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းအတွက်(၂)ကျောင်း၊ စာကြည့်တိုက် အသစ်ဆောက်လုပ်ခြင်းအတွက် (၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၇)ကျောင်းအတွက် ငွေကျပ် သန်းပေါင်း (၁၇၃၁.၃၆၀)သန်းကို ယခုပညာသင်နှစ်အတွင်း ဆောင်ရွက်ပေးပြီးခဲ့ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြပါကျောင်းတွေမှာ အမှန်တကယ်လိုအပ်ချက်များရှိသည့်အတွက် ကျောက်တော်မြို့နယ်၊ သင်္ဂနက်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှာ (၆၀ x ၃၀)ပေ အုတ်ညှပ် တစ်ထပ်ဆောင်အသစ်(၁)ဆောင် အမှားပြင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ကျောင်းများမှာ လိုအပ်ချက်ရှိတဲ့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောက်တော်မြို့နယ်၊ လိပ်မကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် (၁၂၀ x ၃၀)ပေ RCC တစ်ထပ်ဆောင်(၁)ဆောင်၊ သင်္ဂနက်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၆၀ x ၃၀)ပေ RCC တစ်ထပ်ဆောင် အသစ်(၁)ဆောင်၊ ရွာမပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှာ (၁၀၀ x ၃၀)ပေ RC နှစ်ထပ်ဆောင်အသစ်(၁) ဆောင်တို့ကို ဆောက်လုပ်ပေးရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်းရန်ပုံငွေအောက်မှာ ဦးစားပေးအစီအစဉ်အရ ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြချက်အားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြပါတယ်။

ဆက်လက်ပြီး ရောဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း ၏ မေးခွန်းဖြစ်သော ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတတက္ကသိုလ်ဝင်း အတွင်းရှိ ဆောက်လုပ်နေသော (၆၀၀ x ၄၀၀)ပေရှိ မီတာ(၄၀၀)ပြေးလမ်းပါ အားကစားကွင်းအား စံချိန်ကိုက်ဘောလုံးကွင်းနှင့် ပြေးလမ်းများအဖြစ် ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာနအနေဖြင့် ဟင်္သာတတက္ကသိုလ်တွင် တည်ဆောက်လျက်ရှိသော (၆၀၀ x ၄၀၀)ပေ မီတာ (၄၀၀) ပြေးလမ်းပါ ဘောလုံးကွင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(၆)လနှင့် (၁၂)လ ဘတ်ဂျက်၏ ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဉ်အောက်မှ ခွင့်ပြုငွေကျပ်သန်းပေါင်း (၈၅၉.၅၅၀) သန်းဖြင့် လုပ်ငန်းများဆောင်ရွက်ရန် ဘတ်ဂျက်လျာထားချထားပေးခဲ့ပါတယ်။

အဆိုပါ ဘောလုံးကွင်းအား ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် Kay Golden Myanmar Co.,Ltd မှ တာဝန်ယူဆောက်လုပ်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ စံချိန်နဲ့မကိုက်တဲ့ အချက်အလက်များကို ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတ တက္ကသိုလ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ဆောက်လုပ်ရေးကုမ္ပဏီ Kay Golden Myanmar Co.,Ltd တို့မှ တာဝန်ယူပြီးတော့မှ စံကိုက်ဘောလုံးကွင်းနှင့် ပြေးလမ်းများအဖြစ် ပြင်ဆင်ဆောင်ရွက်ရန် စီစဉ်ပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀:၃၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**တယ်လီဖုန်းအော်ပရေတာကုမ္ပဏီများမှ မိုဘိုင်းတယ်လီဖုန်း အသုံးပြုသူများ၏ ကြိုတင်ပေးသွင်း ထားသော ဖုန်းဘေလ်များထဲမှ အခြားသော ဝန်ဆောင်မှု အမျိုးအစားများအတွက်ဟုဆိုကာ ကာယကံရှင်၏ သဘောတူခွင့်ပြုချက် မဟုတ်ဘဲ အခကြေးငွေများ ဖြတ်တောက်ယူငင်မှုများ များပြားလာ၍ သုံးစွဲသူပြည်သူများ ဆုံးရှုံးနစ်နာနေပါသဖြင့် ထိရောက်စွာ တားဆီးဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၉။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က တယ်လီဖုန်း အော်ပရေတာ ကုမ္ပဏီများရဲ့ ဖုန်းဘေလ်များထဲက မရိုးမဖြောင့်သဘောနဲ့ အခကြေးငွေများ ဖြတ်တောက် ယူငင်နေမှုကိစ္စနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ တယ်လီဖုန်းအော်ပရေတာ ကုမ္ပဏီများဟာ မိုဘိုင်းတယ်လီဖုန်းအသုံးပြုသူများရဲ့ ကြိုတင်ပေးသွင်းထားသော ဖုန်းဘေလ်များထဲက ကာယကံရှင်များရဲ့ သဘောတူခွင့်ပြုချက်မပါဘဲ အခြားဝန်ဆောင်မှု အမျိုးအစားများအတွက် ဆိုကာ အခကြေးငွေများ ဖြတ်တောက်ယူငင်နေကြပါတယ်။ ဥပမာ ဂိမ်းကစားနည်းမျိုးစုံ၊ ဗေဒင်၊ ဘောလုံးပွဲသတင်း၊ အင်္ဂလိပ်စာ သင်ခန်းစာ၊ Love and Relationship Tips စသည်တို့ကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ကြေးများဖြင့် ဖြတ်တောက်ယူငင်နေကြပါတယ်။ ထိုသို့ ဖြတ်တောက် ယူငင်နေခြင်းဟာ သုံးစွဲသူကာယကံရှင်ရဲ့ သဘောတူခွင့်ပြုချက် မယူဘဲပြုလုပ်သလို တချို့သော ကိစ္စများမှာတော့ ဖုန်း Messages များ၊ Facebook ကဲ့သို့ လူမှုကွန်ရက်စာမျက်နှာများပေါ်မှ ဂိမ်းကြော်ငြာဆော့ဝဲများကို ထည့်သွင်းပြီး ဖုန်းမျက်နှာပြင်ကို တို့မိ ထိမိလျှင်ကို အသက်ဝင်အောင် ပြုလုပ်ထားကြပါတယ်။ ဒါကို မသိနားမလည်တဲ့ ပြည်သူများကို ပစ်မှတ်ထားပြီး မရိုးမဖြောင့် သဘောနဲ့ တမင်ရည်ရွယ်ချက်ရှိရှိ အကွက်ဆင်ပြီး ပြုလုပ်နေသည်ကို တွေ့ရှိနေရပါတယ်။

ယခုအခါမှာ လက်ရှိ မြန်မာပြည်လူဦးရေ (၅၄)သန်းထက်ကို ဖုန်းဆင်းကတ်များရဲ့ အရေအတွက်ဟာ ပိုမိုသွားပြီလို့ သိရှိရပါတယ်။ ဆင်းကတ်(၁)သန်းလောက်မှာ တစ်ကတ်ကို (၁၀၀၀)ကျပ်ဖိုးပဲ ဒီလိုလုပ်ခံရရင် ပြည်သူများရဲ့ ငွေကျပ်သန်းပေါင်း (၁၀၀၀)ကျပ်လောက် ပုံမှန်နစ်နာနေရပါတယ်။ Power Point အသုံးပြုတင်ပြခွင့်ပြုပါခင်ဗျား။ ဒါ ကျွန်တော်ရဲ့ လက်ရှိ တယ်လီနောဖုန်းဆင်းကတ်ကို ဂိမ်းဝန်ဆောင်ခဆိုပြီး အပတ်စဉ်၊ လစဉ် ဖြတ်တောက်နေတဲ့ Messages တွေ ဖြစ်ပါတယ်။ အဲဒီဝန်ဆောင်မှုများကို မသုံးလိုတော့လျှင် သူတို့ပြောတဲ့နံပါတ်ကို Message ပြန်ပို့ပေးပါဆိုလို့ အခုလို သူတို့ပြောတဲ့အတိုင်း ပြန်ပို့ပေးပေမယ့် မရပ်ပါဘူး။ ဆက်ဖြတ် နေလို့ နောက်ဆုံးဖုန်းဘေလ်ကို လုံးဝမထည့်ရတော့ဘဲ ထားနေရပါတယ်။ ဒါကတော့ ကျွန်တော့် လိုပဲ သူ့ရဲ့ MTP ဖုန်းဆင်းကတ်က ဖုန်းဘေလ်အဖြတ်ခံနေရတာကို ပြည်သူတစ်ဦးက တင်ပြ နေခြင်းဖြစ်ပါတယ်။ တယ်လီဖုန်း Service Provider (၄)ခု၊ ဆင်းကတ် (၄)မျိုးစလုံးမှာကို အခုလို စီးပွားရေးကျင့်ဝတ်နှင့်မညီတဲ့ ကလိမ်ကကျစ် မရိုးမဖြောင့်ကိစ္စတွေ ဖြစ်နေကြပါတယ်။ ပြည်သူ တွေဟာ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် အများကြီးနစ်နာနေကြပါတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေရဲ့ အခန်း (၂၃) တားမြစ်ချက်များ ပုဒ်မ ၆၄(ဂ)မှာ စီးပွားရေးလုပ်ငန်းရှင် မည်သူမျှ စားသုံးသူ၏ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ အနှောင့်အယှက်ဖြစ်စေမည့် နည်းလမ်းတစ်ခုခုဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရန် ကမ်းလှမ်းခြင်းမပြုရ။ ပုဒ်မ ၆၆(ဆ)မှာလည်း စီးပွားရေးလုပ်ငန်းရှင် မည်သူမျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းဝယ်မှုပြုလုပ်ရာတွင် စားသုံးသူက အသုံးပြုလိုသော ကုန်စည်တစ်ခုကို ဝယ်ယူရာ၌ ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ စားသုံးသူမလိုအပ်သော တခြားကုန်စည်တစ်ခုနှင့် တွဲဖက်ရောင်းချ၍ လိမ်လည်လှည့်ဖျားမှုမပြုရလို့ အတိအကျပြဋ္ဌာန်းထားပါတယ်။ အခုလို ဖုန်းအသုံးပြုသူများရဲ့ ဖုန်းဘေလ်များထဲမှ အခြားဝန်ဆောင်မှုတွေအတွက်ဆိုကာ အခကြေးငွေများ မမှန်မကန် ဖြတ်တောက်ယူငင်နေခြင်းဟာ အဆိုပါ ဥပဒေကို ဖောက်ဖျက်ကျူးလွန်နေခြင်းဖြစ်သလို မြန်မာနိုင်ငံဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)ပါ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေကြေးကို ခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်း၊ လိမ်လည်မှုပြုခြင်းနဲ့လည်း ငြိစွန်းနေပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူများ၏အကျိုးငှာ ဥက္ကဋ္ဌကြီးမှတဆင့် မေးမြန်းလိုသည်မှာ ယခုအခါတွင် တယ်လီဖုန်းအော်ပရေတာကုမ္ပဏီများသည် မိုဘိုင်းတယ်လီဖုန်း အသုံးပြုသူများ၏ ကြိုတင်ပေးသွင်းထားသော ဖုန်းဘေလ်များထဲမှ အခြားဝန်ဆောင်မှု အမျိုးအစားများအတွက်ဟု ဆိုကာ ကာယကံရှင်၏ သဘောတူခွင့်ပြုချက် မဟုတ်ဘဲ အခကြေးငွေများဖြတ်တောက်ယူငင်မှုများ များပြားလာနေပါ၍ သုံးစွဲသူပြည်သူများ နစ်နာဆုံးရှုံးနေရပါသဖြင့် ထိုကဲ့သို့မပြုလုပ်စေရန် ထိရောက်စွာ တားဆီးဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။


တယ်လီနော့ဖုန်းဆင်းကတ်မှ ဂိမ်းဝန်ဆောင်ခဆိုပြီး အပတ်စဉ်၊ လစဉ် ဖြတ်တောက်နေသည့် Message ပြပုံ (ဈ)



Message ပြန်ပို့ပေးပါဆိုလို့ ပြောတဲ့အတိုင်း ပြန်ပို့ပေးပေမယ့် အဆင်မပြေခြင်း ပြပုံ (စျ-၁)




MTP ဖုန်းဆင်းကတ်မှ ဖုန်းဘေလ်အဖြတ်ခံနေရခြင်းအား ပြည်သူတစ်ဦးမှ တင်ပြနေခြင်း ပြပုံ (စျ-၂)




**အချိန်၊ ၁၀:၄၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၃။**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ၏ တယ်လီဖုန်း အော်ပရေတာကုမ္ပဏီများသည် မိုဘိုင်းတယ်လီဖုန်း အသုံးပြုသူများ၏ ကြိုတင်

ပေးသွင်းထားသော ဖုန်းဘေလ်များထဲမှ အခြားသော ဝန်ဆောင်မှု အမျိုးအစားများအတွက်ဟု ဆိုကာ ကာယကံရှင်၏ သဘောတူခွင့်ပြုချက်ဖြင့် မဟုတ်ဘဲ အခကြေးငွေများ ဖြတ်တောက်ယူငင်မှုများ များပြားလာ၍ သုံးစွဲသူပြည်သူများ ဆုံးရှုံးနစ်နာနေပါသဖြင့် ထိုကဲ့သို့မပြုလုပ်ရန်၊ ထိရောက်စွာ တားဆီးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦး က ဖြေကြားမှာ ဖြစ်ပါတယ်။

မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသည့် ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရ အော်ပရေတာများသည် တယ်လီဖုန်းပြောဆိုခြင်းနှင့် Data Internet ဝန်ဆောင်မှုအပြင် အချို့သော ထပ်ဆောင်းဝန်ဆောင်မှု (Value Added Service – VAS) များကို ကိုယ်တိုင်သော်လည်းကောင်း၊ အခြားသော ကုမ္ပဏီများနှင့် ပူးပေါင်း၍သော်လည်းကောင်း ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ အဆိုပါ ထပ်ဆောင်းဝန်ဆောင်မှု အစီအစဉ်များကို သုံးစွဲသူများထံသို့ စာတို အပတ်စဉ် ပေးပို့ခြင်းဖြင့်လည်းကောင်း၊ Digital Channel များဖြစ်သည့် Website များ၊ Facebook စသည်တို့ဖြင့်လည်းကောင်း၊ တယ်လီဖုန်းသို့ ခေါ်ဆို၍လည်းကောင်း အသိပေးကြော်ငြာခြင်းနှင့် ဝန်ဆောင်မှုရယူနိုင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို အသိပေးကြော်ငြာရာမှာ အတိုချုံးရေးသားပြီး အသေးစိတ်အချက်အလက်များကိုတော့ သက်ဆိုင်ရာ အင်တာနက်စာမျက်နှာ၊ Website များကို ဝင်ရောက်ဖတ်ရှုနိုင်ကြောင်း ဖော်ပြပေးပို့မှုများရှိခဲ့ပါတယ်။ သုံးစွဲသူအများစုသည် ဖော်ပြပါ Website သို့ ဝင်ရောက်ဖတ်ရှုခြင်းမရှိဘဲ ဝန်ဆောင်မှုကို လက်ခံရယူ အသုံးပြုခဲ့ကြပါတယ်။

ထိုကဲ့သို့ အသုံးပြုမှုကြောင့် အခမဲ့သက်တမ်း ကုန်ဆုံးသည့်အခါ ၎င်းအစီအစဉ်ကို အလိုအလျောက်ဝယ်ယူစေခြင်း(Auto Subscription)၊ ရယူထားသောအစီအစဉ်အား သတ်မှတ်ကာလကုန်ဆုံးသွားသောအခါ အလိုအလျောက် သက်တမ်းတိုးခြင်း (Auto Renewal) စသည်တို့ကြောင့် သုံးစွဲသူများ၏ တယ်လီဖုန်းမှ ဘေလ်ဖြတ်တောက်မှုများဖြစ်ပေါ်ခဲ့ခြင်း ရှိခဲ့ပါတယ်။ ထို့အပြင် အချို့သော ထပ်ဆောင်းဝန်ဆောင်မှုများသည် Website များ၊ Facebook ကဲ့သို့သော Social Media များပေါ်တွင် ကြော်ငြာထားပြီး သုံးစွဲသူအများစုမှာ အသေးစိတ်အချက်အလက်များအား သေချာစွာ ဖတ်ရှုခြင်းမရှိဘဲ ဝန်ဆောင်မှုများကို ရယူသုံးစွဲလျက်ရှိသဖြင့် တယ်လီဖုန်းဘေလ် ဖြတ်တောက်မှုများဖြစ်ပေါ်ခဲ့ပါတယ်။

ဥပမာ – အချို့သော ထပ်ဆောင်းဝန်ဆောင်မှုများသည် (၇)ရက် သို့မဟုတ် (၁)လ အခမဲ့ ပေးမည်ဟု ကြော်ငြာပြီးတော့ ၎င်းတို့၏ Website တွင် ရေးသားထားတဲ့ အသေးစိတ် အချက်အလက်များ၌ အခမဲ့အသုံးပြုခွင့် သက်တမ်းကုန်ဆုံးပါက အလိုအလျောက်ဝယ်ယူမည်ဟု မှတ်ယူသွားမည်ဖြစ်ကြောင်း ဖော်ပြထားသော်လည်း သုံးစွဲသူအများစုမှာ မသိရှိသောကြောင့်

တယ်လီဖုန်းဘေလ်များ ဖြတ်တောက်ခံရမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြထားသကဲ့သို့ အချို့သော ထပ်ဆောင်းဝန်ဆောင်မှုများကို Website များက အသိပေးကြော်ငြာရာတွင် Subscribe Button ကို နှိပ်မိလိုက်ရုံဖြင့် ဝန်ဆောင်မှုရယူပြီးဖြစ်၍ မိုဘိုင်းဖုန်းသုံးစွဲသူများအနေဖြင့် သုံးစွဲမှုမရှိဘဲ တယ်လီဖုန်းဘေလ်များ ဖြတ်တောက်ခံရမှုများ ဖြစ်ပေါ်ခဲ့ပါတယ်ခင်ဗျား။

သို့ပါ၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် မိုဘိုင်းဖုန်းသုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရန်အတွက် ဆက်သွယ်ရေးအော်ပရေတာများအား ထပ်ဆောင်းဝန်ဆောင်မှု အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် သုံးစွဲသူထံသို့ အသိပေးသည့် စာတို(SMS)များကို မြန်မာဘာသာဖြင့် ရှင်းလင်းလွယ်ကူစွာပေးပို့ရန်၊ ဝန်ဆောင်မှုကို အမှန်တကယ်ရယူလိုခြင်း ရှိ/မရှိ သေချာစေရေးအတွက် Website နှင့် SMS တို့မှ ဝန်ဆောင်မှုအသစ်များ စာရင်းသွင်းရယူခြင်းနှင့် သက်တမ်းတိုးခြင်းတို့တွင် သုံးစွဲသူများထံမှ အတည်ပြုချက် (၂)ခါရယူခြင်း (Double Confirmation) ပြုလုပ်ရန်၊ ဝန်ဆောင်မှုများကို အလိုအလျောက်ဝယ်ယူစေခြင်း (Auto Subscription) မပြုလုပ်ရန်၊ သက်တမ်းကုန်ဆုံးပါက ထပ်မံ၍ (Renewal) ပြုလုပ်မည်ဖြစ်ကြောင်း အသိပေးသည့် စာသား၊ စာတို ပေးပို့ခြင်းမရှိဘဲ အလိုအလျောက်သက်တမ်းတိုးခြင်း (Auto Renewal) ဆောင်ရွက်ခြင်းမပြုလုပ်ရန်နှင့် ဝန်ဆောင်မှု အစီအစဉ်နှင့် စည်းကမ်းများဖြစ်တဲ့ (Term and Conditions)များကို (မြန်မာ၊ အင်္ဂလိပ်) နှစ်ဘာသာဖြင့် သိသာထင်ရှားစွာဖော်ပြရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၂-၄-၂၀၁၉ ရက်နေ့တွင် အော်ပရေတာများအားလုံးကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ထို့အပြင် ဝန်ဆောင်မှုအစီအစဉ်များနှင့် ပတ်သက်ပြီးတော့ သုံးစွဲသူများအနေဖြင့် နားလည်မှုလွဲမှားခြင်း မဖြစ်ပေါ်စေရေးနှင့် Data အသုံးပြုမှု ပိုမိုကုန်ကျနိုင်စေတဲ့ အချက်များကို သိရှိနားလည် သဘောပေါက်စေရေးတို့အတွက် ဆက်သွယ်ရေးအော်ပရေတာများအား သုံးစွဲသူပညာပေး အစီအစဉ်များကိုလည်း ဆောင်ရွက်စေခဲ့ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများသည် ၂၀-၈-၂၀၁၉ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ရှိ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုအစီအစဉ်များနှင့် စပ်လျဉ်းပြီး သွားရောက် ရှင်းလင်းတင်ပြခဲ့ပါတယ်။ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများက ဆောင်ရွက်ပေးနေတဲ့ ဝန်ဆောင်မှုအစီအစဉ်များနှင့် ပတ်သက်ပြီး ဘေလ်ကောက်ခံမှု အခြေအနေများကို တယ်လီဖုန်းသုံးစွဲသူများ ပိုမိုသိရှိနားလည်နိုင်စေရေးအတွက် မိုဘိုင်းအော်ပရေတာများ ပူးပေါင်းပြီး ၉-၁၀-၂၀၁၉ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ပူးလ်မန်းဟိုတယ်မှာ တယ်လီကွန်း အော်ပရေတာများ၏ မိုဘိုင်းဝန်ဆောင်မှုဆိုင်ရာ စာနယ်ဇင်းရှင်းလင်းပွဲကို ပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာ မိုဘိုင်း အော်ပရေတာများက

၎င်းတို့၏ ဝန်ဆောင်မှုအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပါတယ်။ တက်ရောက်လာသူများက မေးမြန်းသည့် သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းကဏ္ဍနှင့် ပတ်သက်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက် ကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သုံးစွဲသူပြည်သူများအတွက် ဈေးနှုန်းသင့်တင့်မျှတစွာဖြင့် ကြိုက်နှစ်သက်ရာ ဝန်ဆောင်မှုအစီအစဉ်များကို ရွေးချယ်အသုံးပြုနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အဆိုပါ ဝန်ဆောင်မှု အစီအစဉ်များနှင့်ပတ်သက်ပြီး သုံးစွဲသူပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ဆက်သွယ်ရေးအော်ပရေတာများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ၁၅-၃-၂၀၁၉ ရက်နေ့၌ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေတွင် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ အာမခံချက်နှင့်စပ်လျဉ်း၍ စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေး၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု လုံခြုံစိတ်ချရမှု၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ်တွင် တာဝန်ရှိမှု စသည်တို့နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားပြီး အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ စားသုံးသူကာကွယ်ရေးဦးစီးဌာနအနေဖြင့် တယ်လီဖုန်းသုံးစွဲသူများ၏ တိုင်ကြားလာမှုအပေါ် သက်ဆိုင်ရာ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများနှင့် ညှိနှိုင်းဖြေရှင်းပေးလျက်ရှိပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်သွယ်ရေးအော်ပရေတာများ၏ ဝန်ဆောင်မှုအစီအစဉ်များနှင့်စပ်လျဉ်း၍ သုံးစွဲသူပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် Facebook Page မှဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ တိုင်ကြားလာမှုများကို လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်အတွင်း ဖုန်းဘေလ်ဖြတ်တောက်ခံရမှုကြောင့် တိုင်ကြားလာသည့် အမှုပေါင်း(၃၀)ခုရှိပြီး အားလုံးကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားလာသည့် အမှုများကို စားသုံးသူကာကွယ်ပေးရေးဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ (၂၁၂)မှုကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီး သုံးစွဲသူပြည်သူများအား ထိခိုက်နစ်နာအောင်ဆောင်ရွက်မှုများ၊ ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ

ဦးစီးဌာနသို့လည်းကောင်း တိုင်ကြားနိုင်ပြီး ယင်းကဲ့သို့ တိုင်ကြားလာမှုများအား ဆက်သွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ စားသုံးသူကာကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးလိုက်ပါ။

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ အခုလို ဖြေကြား ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျား။ ဒီလိုမေးခွန်းမျိုးနဲ့ဆင်တဲ့ မေးခွန်းမျိုးကိုလည်း ပြီးခဲ့တဲ့နှစ် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ပြည်သူ့လွှတ်တော်မှာ မေးမြန်းသွားခဲ့ဖူးပါတယ်။ ဒီလိုပဲဖြေကြားသွား တာပါ။ သို့သော်လည်း ဝန်ကြီးဖြေသွားတဲ့အထဲမှာ ၂-၄-၂၀၁၉ ရက်နေ့ ညွှန်ကြားလွှာထုတ်ခဲ့ပြီး တားဆီးတယ်လို့ ပြောပါတယ်။ သို့သော် ကျွန်တော်ကိုယ်တိုင် ယနေ့အထိ အဖြတ်ခံနေရပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းမှာလည်း ထိရောက်စွာဆိုတဲ့ စကားလုံးလေးပါတယ်။ ထိရောက်စွာ တားဆီး ဆောင်ရွက်ပေးဖို့ပါ။ အဲဒီတော့ ဝန်ကြီးပြောတဲ့အထဲမှာလည်း နစ်နာသူတွေက မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးကော်မရှင်နှင့် ဆက်သွယ်ရေးကို တိုင်ဖို့ပြောပါတယ်။ တကယ်တမ်း ကျတော့ ဒီဟာတွေကို ခွင့်ပြုပေးတာက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဒီ Provider တွေကို ခွင့်ပြုပေးတာပါ။ အဲဒီတော့ သူတို့ခွင့်ပြုပေးတဲ့ ကုမ္ပဏီများကို ပြန်လည်ပြီးတော့ စနစ်တကျ ထိန်းကျောင်းဖို့ Regulatory Body ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုထိရောက်စွာ တားဆီးနှိမ်နင်းပေးဖို့အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနကပဲ ကုမ္ပဏီတွေကို ဥပဒေအရ တရားစွဲတာမျိုးတွေ ထိထိရောက်ရောက် အမည်ပျက် စာရင်းသွင်းတာမျိုးတွေ များပြားတဲ့ ဒဏ်ငွေရိုက်တာမျိုးတွေ လုပ်ပေးဖို့အတွက် အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ မေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေနိုင်ရင် ဖြေလိုက်ပါ။

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ အခု စားသုံးသူရေးရာကိစ္စနှင့်ပတ်သက် ပြီးတော့ လောလောဆယ် ထိခိုက်နစ်နာတယ်ဆိုတဲ့ကိစ္စတွေမှာ သက်ဆိုင်ရာ အော်ပရေတာ ကနေပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကို၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို တင်ပြီးတော့ ခွင့်ပြုပေးနိုင်ဖို့ တင်တာတွေရှိပါတယ်။ ဒါတွေကို စိစစ်ပြီး ခွင့်ပြုပေးပါတယ်။ ကျွန်တော်တို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကနေပြီးတော့ ဒီလိုမျိုး (Value Added Service – VAS)တွေ ထပ်ဆောင်း ဝန်ဆောင်မှုဖြစ်တဲ့ကိစ္စတွေမှာ အဲဒါတွေကိုဘယ်နှစ်ခုရှိသလဲ။ အကုန်လုံးခေါ်ပြီး

ကျွန်တော်တို့ စစ်ပါတယ်။ အထူးသဖြင့် Double Confirmation မပါဘဲနဲ့ လုံးဝ Subscribe မလုပ်ရဘူးဆိုတာ ကျွန်တော်တို့ စစ်ထားတာ အဲဒီအတိုင်းပဲဖြစ်ပါတယ်။ တကယ်လို့ သုံးစွဲသူတွေအနေနဲ့ မှန်မှန်ကန်ကန် ပြောတုန်းကတစ်မျိုး၊ တကယ်လုပ်တာတစ်မျိုးဖြစ်လာရင် ကျွန်တော်တို့ လှမ်းစစ်ပါတယ်။

ကျွန်တော်တို့ မတွေ့ခဲ့ရပါဘူးပေါ့နော်။ ဒါပေမဲ့ သက်ဆိုင်ရာ သုံးစွဲသူကတွေ့ရင် အထောက်အထားနဲ့တိုင်ရင် ကျွန်တော်တို့ ပြင်းပြင်းထန်ထန် အရေးယူမှာပါ။ ဒါ စားသုံးသူကို လိမ်ညာပြီးတော့လုပ်တဲ့ သဘောမျိုးဖြစ်ရင် လုံးဝလက်မခံပါဘူး။ ကျွန်တော်တို့လည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။ Double Confirmation Subscribe လုပ်မယ်ဆိုရင် တစ်ကြိမ်တည်းနဲ့ မဟုတ်ဘူး။ နှစ်ကြိမ်သုံးစွဲသူဟာ နှစ်ခါသဘောတူပါတယ်ဆိုတာလုပ်မှ Subscribe လုပ်တာဖြစ်ပါတယ်။ လိမ်ညာပြီး ဖြတ်တောက်တယ်ဆိုတဲ့ ကိစ္စတွေရှိခဲ့ရင် ကျွန်တော်တို့တော့ မသိသေးပါဘူး။ တိုင်တာတွေတော့ အတိအကျ အသေးစိတ် မပါ ပါဘူးခင်ဗျား။ အဲဒီလိုမျိုး အသေးစိတ်တင်ပြတဲ့အခါမှာ ကျွန်တော်တို့ အသေးစိတ်စိစစ်ပြီးတော့ တကယ်ထိထိရောက်ရောက် အရေးယူရမှာပါ။ ဒီလိုမျိုးလိမ်ညာတဲ့ကိစ္စ ကျွန်တော်တို့လည်း သည်းခံဖို့မသင့်ပါဘူး။ စားသုံးသူကို လိမ်ညာလှည့်ဖျားတဲ့ သဘောဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆက်သွယ်ရေး ကော်မရှင်ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀:၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၅။**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့တဲ့ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးပေးပါရန် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအရ ၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းပြီး ဆက်စပ်နည်းဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ကာ နိုင်ငံတော်ကသာ လုပ်ပိုင်ခွင့်ရှိခဲ့တဲ့ ဆက်သွယ်ရေးကဏ္ဍကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအား ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ပေးခဲ့တဲ့အတွက် ဆက်သွယ်ရေးအော်ပရေတာ (၄)ခုအပါအဝင် ဆက်သွယ်ရေး လိုင်စင်ပေါင်း (၂၀၁)ခုကို ခွင့်ပြုထားပြီးဖြစ်ပါတယ်။

ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ ဆက်သွယ်ရေးဆိုင်ရာ မူဝါဒများချမှတ်သည့် ဝန်ကြီးဌာန၊ ကြီးကြပ်ကွပ်ကဲမည့် အဖွဲ့အစည်းနှင့် ဝန်ဆောင်မှုပေးသူတို့ကို သီးခြားခွဲထုတ်သွားရမှာဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုကြီးမားပြီးတော့ နည်းပညာမြင့်မားတဲ့ ကဏ္ဍဖြစ်တာနဲ့အညီ ဆက်သွယ်ရေးဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုများစွာ ဝင်ရောက်လျက်ရှိရာ ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်ကိုးစားမှုရရှိစေရန် လိုအပ်လာခြင်း၊ ပြိုင်ဆိုင်မှုအရှိန်ရလာသည်နှင့်အမျှ ဈေးကွက်အတွင်း စီးပွားရေးအရဖြစ်ပေါ်လာသည့် အကျိုးအမြတ်များအား လွပ်လပ်စွာဆောင်ရွက်ခွင့် ရရှိနိုင်ရန် လိုအပ်လာခြင်းတို့ကြောင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဖြင့် ကြီးကြပ်ကွပ်ကဲသည့် လုပ်ငန်းစဉ်ဆောင်ရွက်နိုင်ရန် ဒီမိုကရေစီကို အခြေခံသော တာဝန်ယူမှု တာဝန်ခံမှုရှိသော အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒ့ါအပြင် ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍရဲ့ လက်ရှိရရှိထားပြီးသော ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ဆက်လက်ထိန်းသိမ်းနိုင်ရေးသည် လွတ်လပ်၍ အမှီအခိုကင်းစွာဖြင့် ထိရောက်စွာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်တဲ့ ကော်မရှင်တစ်ရပ် တည်ထောင်နိုင်ခြင်းအပေါ် ကြီးမားစွာ မှီတည်လျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၆ တွင်လည်း ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်တစ်ရပ်ကို ဤဥပဒေအာဏာတည်သည့်နေ့မှ (၂)နှစ်အတွင်း သတ်မှတ်ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ၂၇-၁၀-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၂၅/၂၀၁၅ဖြင့် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းခဲ့သည့် အဆိုပါကော်မရှင်၏ တာဝန်တွင်လည်း လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်အဖြစ် သီးခြားဥပဒေဖြင့် ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဥပဒေကြမ်းရေးဆွဲ တင်ပြခြင်းဆိုတဲ့ တာဝန်ဝတ္တရားပါရှိတဲ့အတွက် ကော်မရှင်ဖွဲ့စည်းနိုင်ရေးလိုအပ်တဲ့ ဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များကို ကမ္ဘာ့ဘဏ်ရဲ့ အကူအညီနဲ့ ၂၀၁၇ ခုနှစ်ကစပြီးတော့ ရေးဆွဲခဲ့ပါတယ်။ အဆိုပါဥပဒေမူကြမ်းကို အများပြည်သူများ၏ အကြံပြုချက်များ၊ ဆက်သွယ်ရေးအော်ပရေတာများ၊ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဆိုင်ရာ

အဖွဲ့အစည်းများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကို ရှင်းလင်းတင်ပြခဲ့ပြီး ၎င်းတို့၏ သဘောထားမှတ်ချက်များကို ရယူဆောင်ရွက်ခဲ့ပါတယ်။ သဘောထားမှတ်ချက်များနှင့်အညီ ရယူပြုစုထားတဲ့ ဥပဒေမူကြမ်းအား ၂၂-၈-၂၀၁၉ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကိုတင်ပြခဲ့ရာ သဘောတူညီခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်သို့လည်း ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေကိုရေးဆွဲရာမှာ အောက်ပါရည်ရွယ်ချက်များကို အခြေခံထားခြင်းဖြစ်ပါတယ်။ (က) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ စာပို့တဲ့ကဏ္ဍတို့ကို စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရန် (ခ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဝန်ဆောင်မှုလုပ်ငန်းများဖြင့် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ထိရောက်စွာ အထောက်အကူပြုနိုင်ရန် (ဂ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ စာပို့တဲ့ကဏ္ဍတို့နှင့် နည်းပညာနှင့်ကျွမ်းကျင်မှုကို အခြေခံမည့် မျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာချမှတ် ဆောင်ရွက်နိုင်ရန် (ဃ) လွတ်လပ်သောရန်ပုံငွေတစ်ရပ် ထူထောင်၍ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍနှင့်စာပို့တဲ့ကဏ္ဍတို့ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ရန် (င) နိုင်ငံတော်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဝန်ဆောင်မှုလုပ်ငန်းများမှာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် သုံးစွဲသူများ၏ ယုံကြည်မှုကို ရရှိစေရန်ဖြစ်ပါတယ်။

လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်သည် နိုင်ငံတော်အစိုးရမှ ချမှတ်ပေးသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍဆိုင်ရာမူဝါဒများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်ဖြစ်စေ၊ ပွင့်လင်းမြင်သာမှုရှိစေရန်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကော်မရှင်အနေဖြင့် ယင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လွတ်လပ်စွာ ခေါ်ယူခန့်ထားနိုင်ခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သီးခြားရန်ပုံငွေထားရှိရန် သုံးစွဲနိုင်ခြင်းတို့ကြောင့် ယှဉ်ပြိုင်မှုကြီးမားပြီး တိုးတက်လျက်ရှိတဲ့ ဆက်သွယ်ရေးဈေးကွက်ကို ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိပြီး သုံးစွဲသူများကို လိုအပ်သည့်ကာကွယ်မှုများပေးနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရန်တို့အတွက် ဥပဒေဖြင့် ကြီးကြပ်ကွပ်ကဲနိုင်မည့် စနစ်တကျ အခိုင်အမာဖွဲ့စည်းထားသော မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သည့်ဥပဒေမူကြမ်းအား အခန်းပေါင်း(၁၁)ခန်းနှင့် ပုဒ်မပေါင်း (၆၂)ခုဖြင့် ထည့်သွင်း

ရေးဆွဲထားရှိပါတယ်။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးကဏ္ဍနှင့် စာပို့တဲ့ကဏ္ဍတို့ စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် သီးခြား လွတ်လပ်စွာ ရပ်တည်နိုင်သော အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာနိုင်စေရန်အတွက် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်းနိုင်ရန် လိုအပ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစား ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၂။**

**ဦးသိန်းလွင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ မြန်မာနိုင်ငံဆက်သွယ်ရေး ကော်မရှင်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊၁/အမ(ကော်မတီ-၁ )၁/၂၀၁၉ - ၆၅၉

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၂၈ - ၈ -၂၀၁၉ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော်

ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၆-၉-၂၀၁၉ ရက်နေ့နှင့် ၁၂-၁၂-၂၀၁၉ ရက်နေ့တို့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီမှ တာဝန်ယူ၍ ပြင်ဆင်ချက်များကို ပြည့်စုံမှုရှိစေရန် ဆောင်ရွက် ခဲ့ပြီး ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ယင်းပြင်ဆင်ချက်များအပေါ်အခြေခံ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ကော်မရှင် အဖွဲ့ဝင်လောင်းအဖြစ် ရွေးချယ်ရာတွင် သတ်မှတ်ချက်များ ကိုက်ညီမှု ရှိစေရန်နှင့် အရေးအသားဆီလျော် ညီညွတ်မှုရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ် (၃) တွင် ဖော်ပြထားသော စကားရပ်များအစား အကျင့်စာရိတ္တပျက်ပြားမှုနှင့် စပ်လျဉ်း၍ တရားရုံးတစ်ခုခုမှ ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရသူဖြစ်ခြင်းဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲငယ်(၄)တွင် ဖော်ပြထား သော စကားရပ်များအစား စိတ်ပေါ့သွပ်သူဟု သက်ဆိုင်ရာဥပဒေအရ ပြဋ္ဌာန်း ထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူဖြစ်ခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(က) တွင်ဖော်ပြထားသော စကားရပ်များအစား သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဥပဒေမူဝါဒများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကို အကြံဉာဏ်ပေးခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ကော်မရှင်ရုံးဖွဲ့စည်းရာတွင် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၂ ကို အပိုဒ် ၃၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၃၁။ ကော်မရှင်သည် -

(က) ကော်မရှင်ရုံးအဖွဲ့ အကြီးအမှူး၏ လုပ်ငန်းတာဝန်များကို သီးခြား သတ်မှတ်ပေးရမည်။

(ခ) ကော်မရှင်ရုံးအဖွဲ့၏ အကြီးအမှူးနေရာလစ်လပ်ပါက သတ်မှတ် ချက်နှင့်အညီ ကော်မရှင်ရုံးအဖွဲ့အကြီးအမှူးကို အစားထိုးခန့်အပ် ရမည်။

(ခ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ် (၅)၊ အပိုဒ် ၁၈၊ အပိုဒ် ၅၇ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပိုမိုပြည့်စုံမှုရှိစေရန်နှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်ထားပြီး ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီးဖြစ်ပါသဖြင့် ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဆက်သွယ်ရေး ကော်မရှင် ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ ကော်မတီ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသား လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၃ - ၂ - ၂၀၂၀ (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို

ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် (အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　　။ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၁း၀၈ နာရီ အချိန်တွင် ရပ်နားပါသည်။]